# National Coalition Government of the Union of Burma

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

## ခရစ် သက္ကရာဇ် ၂၀၀၆ ခုနှစ်
## နှစ်သစ် မင်္ဂလာ နှုတ်ခွန်းဆက် သဝဏ်လွှာ

*ဇန်နဝါရီလ (၁) ရက်နေ့ သည် ခရစ် ၂၀၀၆ ခုနှစ် ၏ ထူးမြတ်သော နှစ်သစ် မင်္ဂလာ အခါသမယ ဖြစ်ပေသည်။ ဤမင်္ဂလာ အပေါင်းနှင့်ပြည့်စုံသော နှစ်သစ် အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်း အစိုးရ အနေဖြင့် တိုင်းရင်းသား လူမျိုးစုံ ညီအစ်ကို မောင်နှမအပေါင်းတို့ အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခ ပြည့်ဝကြပါစေကြောင်း ရှေးဦးစွာ ဆုတောင်းမေတ္တာပို့ သ အပ်ပါသည်။*

ယနေ့ မြန်မာနိုင်ငံသည် နိုင်ငံရေး ပြဿနာကို အကြောင်းခံ၍ ဘက်ပေါင်းစုံ အထွေထွေ အကျပ်အတည်း ကြီးနှင့် ကြုံတွေ့ နေရပေသည်။ ဒေသတခုလုံး၏ နိုင်ငံရေး စီးပွားရေး တည်ငြိမ်မှုကိုပျက်ပြားစေသည့် နိုင်ငံအဖြစ်လည်း မှတ်တမ်းတင်ခြင်းခံနေရပေသည်။ မိမိတို့ နိုင်ငံနှင့်လူမျိုးခေတ်မီတိုးတက်ရေးအတွက် အပြိုင်အဆိုင် အားထုတ် ကြိုးပမ်းလျက်ရှိကြသောကမ္ဘာ့နိုင်ငံများအလယ်တွင် မြန်မာ နိုင်ငံအနေဖြင့် ယခုကဲ့သို့ အဖက်ဖက်မှ ယိုယွင်း ကျဆင်း နေရခြင်း၏ အဓိကအကြောင်းရင်းမှာ "ဒီမိုကရေစီဆိတ်သုဉ်းမှု နှင့် အမျိုးသား စည်းလုံးညီညွတ်ရေးကင်းမဲ့မှု" တို့ကြောင့်ဖြစ်ပေသည်။ တနည်းအားဖြင့် စစ်အုပ်စုက မြန်မာပြည်သူလူထု၏ ဒီမိုကရေစီရပိုင်ခွင့်များကို ပိတ်ပင်ချိုးနှိမ်လျက် တိုင်းရင်းသားလူမျိုးအသီးသီးအား ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်မပေးသဖြင့် လူထုအားလုံး ဆင်းရဲဒုက္ခ ရောက် နေကြရခြင်း ဖြစ်ပေသည်။

(နအဖ)စစ်အုပ်စုသည် နိုင်ငံနှင့်လူထုမျက်နှာကို ထောက်ထားညှာတာမှုမပြုဘဲ၊ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရန်ငြင်းဆိုလျက်၊ ဒီဇင်ဘာ (၅) ရက်နေ့တွင် အတုအယောင် လမ်းပြမြေပုံနှင့် အမျိုးသားညီလာခံကို ပြန်လည် ပွဲထုတ်နေပေသည်။ ဤလုပ်ရပ်မှာ နိုင်ငံတကာအသိုင်းအဝိုင်းအား လှည့်ဖျားအချိန်ဆွဲနေခြင်းသာဖြစ်၍ လက်တွေ့တွင် ဒေါ်အောင်ဆန်း စုကြည်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံရေးအကျဉ်းသား (၁၀၀၀) ကျော်ကို ဆက်လက် ထိန်းသိမ်းထားဆဲ ရှိသည်။ ထို့ပြင် ရှမ်းတိုင်းရင်းသား ခေါင်းဆောင်များဖြစ်ကြသည့် ရှမ်း တိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ် (SNLD) ဥက္ကဋ္ဌ ခွန်ထွန်းဦးအားထောင်ဒဏ် (၉၂) နှစ်၊ အထွေထွေ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် ဗဟိုအလုပ် အမှုဆောင် (၂) ဦးအား ထောင်ဒဏ်နှစ် (၇၅) နှစ်စီ၊ ရှမ်းပြည်အမျိုးသားကောင်စီနာယက ဗိုလ်ချုပ်ဆေထင်အား ထောင်ဒဏ် (၁၀၆) နှစ်နှင့် ရှမ်းပြည်မျိုးဆက်သစ် လူငယ်များ အဖွဲ့မှ ခေါင်းဆောင်(၃)ဦးတို့အားထောင်ဒဏ် (၇၅)နှစ်စီ နအဖက ထောင်ဒဏ်နှစ်ရှည်ချမှတ်ခြင်း၊ (ILO) အပေါ်အငြိုးထား၍ ရှေ့နေ ဦးအေးမြင့်နှင့် မစုစုနွေးတို့ ကိုလည်း ထောင်ဒဏ်များချမှတ်ခဲ့ခြင်း၊ စသည့်လုပ်ရပ်များမှာ ပြည်တွင်းပြည်ပက နိုင်ငံရေးပြုပြင် ပြောင်းလဲ ရန်တိုက်တွန်းမှုကို အလေးဂရုမပြုကြောင်း ပြသလိုက်ရာရောက်ပေသည်။

ထို့ပြင် လူထုအားအဓမ္မလုပ်အားခိုင်းစေမှုကိုဆက်လက် ကျင့်သုံးနေခြင်း၊ အိမ်ယာခြံမြေများ အဓမ္မ ပြောင်းရွှေ့ခိုင်းခြင်းများ ကြောင့် အိုးမဲ့အိမ်မဲ့ ပြည်တွင်းဒုက္ခသည်ဦးရေတိုးများလာနေခြင်း၊ အမျိုးသမီးများအား စစ်တပ်က အုပ်စုလိုက် အဓမ္မပြုကျင့်မှုများ ဆက်လက်ဖြစ်ပွားနေခြင်း၊ ပြည်သူများကို ဥပဒေမဲ့ သတ်ဖြတ်မှုများအား အရေးယူစုံစမ်းစစ်ဆေးမှုမပြုခြင်း၊ ကလေးသူငယ်များအား အဓမ္မစစ်မှုထမ်းခိုင်းခြင်း အစရှိသော ဥပဒေနှင့် အာဏာ ကို အလွဲသုံး၍ လူ့အခွင့်အရေး ချိုးဖေါက်မှုပေါင်းများစွာကို စနစ်တကျ စီမံကျူးလွန်နေပေသည်။ ထိုမျှမက လောလောဆယ် နအဖဝန်ကြီးရုံးများကို မြို့ပြအင်္ဂါရပ်များနှင့် ပြည့်စုံမှုမရှိသည့် နိုင်ငံအလယ်ပိုင်း ပျဉ်းမနားသို့ ရွှေ့ ပြောင်းသည့် လုပ်ရပ်မှာလည်း အချိန်ယူပြင်ဆင်မှု တစုံတရာမရှိသော အာဏာအလွဲသုံးစီမံချက်ဖြစ်၍ နိုင်ငံ့ဝန်ထမ်း များအား ဆင်းရဲဒုက္ခရောက်စေသည့် နောက်ဆုံးပေါ် လူ့အခွင့်အရေး ချိုးဖေါက်မှု ထပ်မံကျူးလွန်ခြင်းဖြစ်ပေသည်။ ထို့ပြင် ဒေသ အတွင်း သန်းချီထွက်ပြေးခိုလှုံနေကြသော မြန်မာဒုက္ခသည်များပြဿနာကို ဖြေရှင်းလိုစိတ်မရှိခြင်း၊ မူးယစ်ဆေးဝါးကို အပေါ်ယံဟန်ပြ မျှသာ တားဆီးနေခြင်း၊ HIV/AIDS ရောဂါကူးစက်ပြန့်ပွားမှုနှုန်း စိုးရိမ်ဖွယ်ရာဖြစ်နေသော်လည်း ထိရောက်စွာ တားဆီးမှု မရှိခြင်း စသည်တို့ မှာလည်း မြန်မာနိုင်ငံကို ဂုဏ်ငယ်အောင် လုပ်နေခြင်းပင်ဖြစ်ပေသည်။

စစ်အုပ်စု၏ ဒီမိုကရေစီ လိုလားမှုမရှိကြောင်း ထင်ရှားစေသည့် အချက်မှာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့၏ အခန်းကဏ္ဍကို မှေးမှိန်ပျောက်ကွယ်စေရန် သိမ်ဖျင်းသော စိတ်ထား အကြံအစည်ဖြင့် ဒီပဲယင်း

နိုင်ငံရေးလုပ်ကြံမှုကြီးကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ထိုအကြံ မအောင်မြင်သောအခါ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား ဆက်လက် ဖမ်းဆီးချုပ်နှောင်ထားခဲ့သည်။ တဖန် အမျိုးသားညီလာခံ အတုအယောင်ဖြင့် ဒီပဲယင်းကိစ္စကို ဖုံးကွယ်နိုင်ရန် ဆက်လက် ကြံစည်ခဲ့သည်။ "အမျိုးသားညီလာခံတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့နှင့် အခြားရွေးချယ်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များ မပါဝင်နိုင်အောင် ကန့်သတ်ထားသည့်အချက်မှာ မြန်မာပြည်သူလူထုအား လုံးဝ ဒီမိုကရေစီ မပေးဟု ကြေညာလိုက်ခြင်းဖြစ်သည်။"ကုလသမဂ္ဂအပါအဝင်နိုင်ငံတကာအစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပရှိ တိုင်းရင်းသားအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများက တိုက်တွန်းလျက်ရှိသော စစ်မှန်သည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရေးကိုလည်း အတိအလင်း ငြင်းဆိုလိုက်ရာရောက်ပေသည်။

သို့ဖြစ်၍ (နအဖ)စစ်အုပ်စုသည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ချဉ်းကပ်ဖြေရှင်းရန် လိုလားခြင်း မရှိဘဲ၊ ပြည်သူလူထု၏ ဒီမိုကရေစီရေးရည်မှန်းချက်သဘောထားဆန္ဒများကို ဆန့်ကျင် ပစ်ပယ်ထားပေသည်။ ဖြစ်သင့်သည်မှာ ဒေါ်အောင်ဆန်းစုကြည်နှင့် တကွ နိုင်ငံရေးအကျဉ်းသား အားလုံးကိုချွင်းချက်မရှိ အမြန်ဆုံးလွှတ် ပေး ခြင်း၊ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ကြေညာခြင်း၊ နိုင်ငံသားများအားလွတ်လပ်စွာ စီးပွားရေး နိုင်ငံရေး လုပ်ဆောင်ခွင့်ပေးခြင်း၊ နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတန်းအား လေးစားလိုက်နာကြောင်း လက်တွေ့ ပြသခြင်း အစရှိသော အမျိုးသားပြန်လည် သင့်မြတ်ရေး ဦးတည်ချက် သဘောထားများကို လုပ်ဆောင် ပြသရန် လိုပေသည်။ မျိုးချစ်စိတ် အမှန်တကယ်ရှိသည်ဆိုလျှင် ဒီမိုကရေစီနည်းမကျသည့် အမျိုးသားညီလာခံကို ချက်ချင်းဖျက်သိမ်း၍ စစ်မှန်သောနိုင်ငံရေး ဆွေးနွေးပွဲများဖြင့် အစားထိုးသင့်ကြောင်း ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်း အစိုးရက အလေးအနက် တိုက်တွန်းအပ်ပေသည်။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖ တို့အကြား စစ်မှန်သောနိုင်ငံရေး ဆွေးနွေးပွဲများ စတင်နိုင်ခြင်း မရှိသဖြင့်၊ မြန်မာ့ နိုင်ငံရေး အကျပ်အတည်းအတွက် စိတ်မအေးနိုင်ကြသော ကုလသမဂ္ဂအဖွဲ့၊ ဥရောပ သမဂ္ဂအဖွဲ့၊ အာဆီယံအဖွဲ့ အစရှိသော နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အနေဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးအတွက် စာနာထောက်ခံလျှက်ရှိသည်ကို အမျိုးသားညွန့်ပေါင်းအစိုးရ အနေဖြင့် အထူးကျေးဇူးတင်ကြောင်း ဖေါ်ပြအပ်ပါသည်။ အထူးသဖြင့် အဖွဲ့ဝင် နိုင်ငံများ၏ ပြည်တွင်းရေး ဝင်မစွက်ဖက်ရေးမူဝါဒကို အမြဲလက်ကိုင်ထားခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ 'ဒီဇင်ဘာ ၉၊ ၂၀၀၅' အစည်းအဝေးမှ နိုင်ငံရေးအကျဉ်းသားများ အားပြန်လွှတ်ရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု အမြန်ပြုလုပ်ရေးနှင့် မလေးရှား နိုင်ငံခြားရေးဝန်ကြီးအား အာဆီယံကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့လာခွင့်ပြုရေးတောင်းဆိုချက်ကို ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်းအစိုးရက ဤနှစ်သစ် မင်္ဂလာ အခါသမယ၌ လေးနက်စွာ ကြိုဆို မှတ်တမ်းတင်အပ်ပါသည်။

ယနေ့ မြန်မာနိုင်ငံပြည်သူလူထုသည် ဒီမိုကရေစီ နိုင်ငံရေးရည်မှန်းချက်များ အမြန်ဆုံး အကောင်အထည် ပေါ်လာရေးအတွက် ဆန္ဒ ပြင်းပြလျှက်ရှိကြပေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်းအစိုးရ အနေဖြင့်လည်း လူထု၏ အခြေခံ ဒီမိုကရေစီ နိုင်ငံရေးရည်မှန်းချက်များကို အောင်မြင်စွာ ဖြည့်ဆည်းပေး နိုင်ရေး အတွက် ဦးလည်မသုန် ဆက်လက်ကြိုးပမ်း အားထုတ်သွားမည်ဟု တိုင်းရင်းသားညီအစ်ကို မောင်နှမများအား လေးနက်တည်ကြည်စွာ ကတိသစ္စာပြုလျှက် နှစ်သစ်မင်္ဂလာအခါသမယတွင် ဤသဝဏ်လွှာ ဖြင့် နှုတ်ခွန်း ဆက်သ လိုက်ပါသည်။

ခရစ်နှစ် ၂၀၀၆ ခုနှစ်၊ ဇန္နဝါရီလ (၁) ရက်။
သက္ကရာဇ် ၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း (၃ ) ရက်။

**ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်းအစိုးရ**